**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**တိုကျိုမြို့**

## The MIF Research Fellowship Program 2025 ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း

၁။ The Matsumae International Foundation မှ The Matsumae International Foundation Research Fellowship Program(MIF) 2025 အား လျှောက်ထားနိုင်ကြောင်း အကြောင်းကြားစာပေးပို့လာပါသည်။ အဆိုပါပညာသင်ဆုသည် ဂျပန်နိုင်ငံတွင် သုတေသန လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်ပါကြောင်းနှင့် လျှောက်ထားသူများသည် အောက် ဖော်ပြပါ အချက်အလက်များနှင့် ပြည့်မီရမည်ဖြစ်ပါသည်-

(က) ဂျပန်နိုင်ငံရှိ အဖွဲ့အစည်းတစ်ခုခု၏ ဖိတ်ကြားစာ တင်ပြရမည်ဖြစ်ကြောင်း၊
(ခ) Ph.D. ( Doctoral degree ) ရရှိထားရမည်ဖြစ်ကြောင်း၊
(ဂ) အသက် ၄၉ နှစ်နှင့် အောက် ဖြစ်ရမည်ဖြစ်ကြောင်း၊
(ဃ) အင်္ဂလိပ်ဘာသာ ( သို့မဟုတ် ) ဂျပန်ဘာသာ တတ်ကျွမ်းရမည်ဖြစ်ကြောင်း၊
(င) ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသူများ/နေထိုင်ခဲ့သူများ လျှောက်ထား၍မရ ကြောင်း၊
(စ) မိခင်နိုင်ငံတွင် အသက်မွေးကျောင်းအလုပ်တစ်ခု ရှိရမည်ဖြစ်ကြောင်း၊ Fellowship သက်တမ်းကုန်သွားပါက၊ မိမိနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထောက်အကူ ပြုရမည်ဖြစ်ကြောင်း၊
(ဆ) သဘာဝသိပ္ပံ၊ အင်ဂျင်နီယာနှင့် ဆေးပညာကဲ့သို့သော သုတေသနနယ်ပယ်များ အား ဦးစားပေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၂။ သုတေသနထောက်ပံ့ကြေးကို (၁၅)ဦးခန့်အား ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး၊ ထောက်ပံ့ ကြေး ရရှိမည့်ကာလမှာ ၂၀၂၅ခုနှစ်၊ ဧပြီလမှ ၂၀၂၆ခုနှစ်၊ မတ်လအထိ ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ လက်ခံမည့် တက္ကသိုလ်များ၊ အမျိုးသားသုတေသနအဖွဲ့အစည်း (သို့မဟုတ်) ပုဂ္ဂလိကကဏ္ဍမှ အဖွဲ့အစည်း များကို ရွေးချယ်နိုင်ကြောင်း၊ သုတေသနလုပ်ငန်းများ လုပ်ကိုင်ရန်နှင့် ဂျပန်နိုင်ငံတွင် နေထိုင် စရိတ် တစ်လလျှင် ယန်း ၂၂၀,၀၀၀/- ထောက်ပံ့ကြေး ရရှိမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် ကနဦး နေထိုင်စရိတ် ယန်း ၁၂၀,၀၀၀/- ထောက်ပံ့သွားမည် ဖြစ်ကြောင်း၊ လေယာဉ်စရိတ် (အသွား/အပြန်)၊ ပြည်ပ ခရီးသွားအာမခံများလည်း ထောက်ပံ့ ပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်

အချက်အလက်များကို http://www.mif-japan.org/en/fellowship/announcement/ မှ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ လျှောက်ထားသူများမှ လျှောက်လွှာများနှင့် အထောက်အထားစာရွက်စာတမ်းများအား သတ်မှတ်ချက်များနှင့်အညီ MIF အီးမေးလ် application@mif-japan.org သို့ ၁-၄-၂၀၂၄ ရက်နေ့မှ ၃၀-၆-၂၀၂၄ ရက်နေ့(ဂျပန်စံတော်ချိန်)အတွင်း လျှောက်ထားနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။




မြန်မာသံရုံး၊ တိုကျိုမြို့
၂၀၂၄ ခုနှစ်၊ဖေဖော်ဝါရီလ ၆ ရက်